# ခူမီး (ခမီး) အမျိုးသားပါတီ၊ ဖွဲ့စည်းပုံစည်းမျဉ်း၊

နိဒါန်း။

၁။ လွတ်လပ်ရေးမရမီက ရခိုင်တောင်တန်းခရိုင်ဟု ခေါ်ဝေါ်ခဲ့သော ခူမီးတိုင်းရင်းသားဒေသကို ရခိုင်တောင်တန်းဥပဒေ ၁၉၁၆ (Arakan Hills Regulation-1916) ပြဋ္ဌာန်း၍ သီးခြား အုပ်ချုပ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ် မေလ တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်ရှေ့မှောက် ထွက်ဆို ခဲ့သည့်အတိုင်း မြန်မာပြည် ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးရယူခဲ့ပါသည်။ ပြည်ထောင်စုမြန် မာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂) ပုဒ်မခွဲ (က) ခွဲငယ် (၉) တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ရခိုင်တောင်တန်းခရိုင်သည် ခူမီးတိုင်းရင်းသားတို့၏ သဘောဆန္ဒဖြင့် ချင်းတောင်တန်းခရိုင်နှင့် ပူးပေါင်းကာ ချင်းဝိသေသတိုင်းအဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၇ အခြေခံဥပဒေ ပုဒ်မ (၁၉၆) တွင် "ချင်းတောင်တန်းခရိုင်နှင့် ရခိုင်တောင်တန်းနယ်များပါဝင်သည့် ချင်းဝိသေသတိုင်း ရှိရမည်။" ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။

၂။ သို့သော်လည်း ခူမီးဒေသသည် လွတ်လပ်ရေးနှင့်အတူ ခရိုင်အဆင့်မှ ပလက်ဝမြို့နယ်ဟူ၍ အုပ်ချုပ်ရေးအဆင့် လျှော့ကျနိမ့်ဆင်းခဲ့သဖြင့် မူလအခွင့်အရေး ဆုံးရှုံးခဲ့ရပါသည်။ မူလ ချင်းတောင်တန်းခရိုင်ကို မြို့နယ် (၈) ခုနှင့် ခရိုင် (၃) ခရိုင်အထိ တိုးချဲ့ဖွဲ့စည်းခဲ့သော်လည်း မူလရခိုင်တောင်တန်းခရိုင်မှ ပလက်ဝမြို့နယ်အဖြစ် နိမ့်ကျခဲ့ရသည်ကို ခရိုင်အဆင့် တိုးမြှင့်ပေးရန် နှင့် မြို့နယ်တိုးချဲ့ဖွဲ့စည်းပေးရန် တင်ပြတောင်းဆိုခဲ့သည်များကို ချင်းပြည်နယ် လွှတ်တော်နှင့် အစိုးရအဖွဲ့က လျစ်လျူရှုထားကြပါသည်။ ၁၉၄၈ မှ ၂၀၁၀ အထိ (၆၂) နှစ်ကာလအတွင်း အုပ်ချုပ်ရေးအလှမ်းမမီ၍ အာဏာသိမ်းစစ်အစိုးရ တက်လာတိုင်း ရခိုင်ပြည်နယ်အုပ်ချုပ်မှုအောက် တွင် နှစ် (၃၀) ကြာ ရှိခဲ့ပါသည်။ ထိုကာလများအတွင်း ဆုံးရှုံးနစ်နာမှုများစွာ ခံစားခဲ့ကြပါသည်။

၃။ ခူမီးတိုင်းရင်းသားနှင့် ဒေသခံဌာနေတိုင်းရင်းသား လူနည်းစုတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ နယ်မြေနှင့်လူမျိုးမပျောက်မပျက် တည်တံ့ရှင်သန်ရေးတို့ကိုပင် လွှမ်းမိုးခံရမှု၊ ဝါးမြိုခံရမှု အစပြုလိုက်စားခံနေရပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသား လူနည်းစုတို့၏ အခွင့်အရေးအတွက် အခိုင်အမာရပ်တည်ကာကွယ်ရန်နှင့် ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသထူထောင်နိုင်ရန် ဦးဆောင်ပါတီတစ်ရပ်မရှိမဖြစ်လိုအပ်နေသဖြင့် "ခူမီး (ခမီး) အမျိုးသား ပါတီ" KHUMI (KHAMI) NATIONAL PARTY ကို တည်ထောင်ခွင့်ရရန် (၂၅-၁၁-၂၀၁၄) နေ့တွင် လျှောက်ထား ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ (၂၃-၅-၂၀၁၄) နေ့တွင် "ခူမီး (ခမီး) အမျိုးသား ပါတီ" KHUMI (KHAMI) NATIONAL PARTY တည်ထောင်ခွင့် ပြုပေးခဲ့ပါသည်။

## အမည်၊ အလံ၊ အမှတ်တံဆိပ်

၄။ ပါတီ၏အမည်

ပါတီ၏အမည်ကို "ခူမီး (ခမီး) အမျိုးသားပါတီ" KHUMI (KHAMI) NATIONAL PARTY ဟုခေါ်တွင်စေရမည်။

၅။ ပါတီ၏အလံ

ပါတီ၏အလံအရွယ်အစားသည် ထောင့်မှန်စတုဂံဖြစ်၍ အချိုးအစားမှာ ၅း၃ ဖြစ်သည်။ အနီ ရောင်အောက်ခံတွင် ယောင်းယင်ငှက် (GREAT HORNBILL) သည် အလံ၏ လက်ဝဲဘက် အပေါ်ထောင့်ရှိ ကြည်ဖြူကို အားမာန်အပြည့်ဖြင့် ဦးမောနေသည့်ပုံဖြစ်ပါသည်။

၆။ "ခူမီး (ခမီး) အမျိုးသားပါတီ" အလံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

| | |
|---|---|
| အလံ၏အောက်ခံအနီရောင် | - တည်ကြည်ခြင်း၊ ရဲရင့်ခြင်း၊သတ္တိရှိခြင်းကို ရည်ညွှန်းပါသည်။ |
| ကြည်ဖြူ | - ပါတီ၏ရည်မှန်းချက်၊ တစ်လုံးတစ်စည်းတည်းသော ခွန်အား၊ ပြည်ထောင်စုစိတ်ဓါတ်ကို ရည်ညွှန်းပါသသည်။ |
| ယောင်းယင်ငှက် | - ယောင်းယင်ငှက် (GREAT HORNBILL) သည် ခူမီး တိုင်းရင်းသားတို့၏ အမျိုးသားအမှတ်လက္ခဏာ ဖြစ်ပါ သည်။ သစ္စာရှိခြင်း၊ အမျိုးကိုစောင့်ထိန်းခြင်းတို့ကို ရည်ညွှန်းပါသည်။ |

၇။ "ခူမီး (ခမီး) အမျိုးသားပါတီ" ပါတီ၏အမှတ်တံဆိပ်

ပါတီအလံ၏ အချိုးအစားအတိုင်းဖြစ်သည့် အနီရောင်အောက်ခံတွင် လက်ဝဲဘက် အပေါ်ထောင့်ရှိ ကြည်ဖြူကို အွားမာန်ဖြင့် ဦးမော့နေသော ယောင်းယင်ငှက် (GREAT HORNBILL) ရှိပြီး အပေါ်တွင် "ခူမီး(ခမီး)အမျိုးသားပါတီ" ဟူသော အဖြူရောင်စာသားပါရှိသည်။

၈။ "ခူမီး (ခမီး) အမျိုးသားပါတီ" ပါတီ၏အမှတ်တံဆိပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

"ခူမီး (ခမီး) အမျိုးသားပါတီ" အလံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း ဖြစ်ပါသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၉။ "ခူမီး (ခမီး) အမျိုးသားပါတီ" ၏ ရည်ရွယ်ချက်များမှာ

(က) လွတ်လပ်ရေးမတိုင်မီက ရခိုင်တောင်တန်းခရိုင်အဖြစ် သီးခြားတည်ရှိခဲ့သော ပလက်ဝမြို့နယ်ကို "ခရိုင်အဆင့်" ပြန်လည်ရရှိရန်နှင့် "ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ရရှိရေး အစဉ်တစိုက် ဦးတည်ဆောင်ရွက်ရန်။

(ခ) ရရှိလာသော "ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသော နိုင်ငံရေးအာဏာ (၃) ရပ်ကို ဒေသအတွင်းရှိ ဌာနေတိုင်းရင်းသားလူမျိုးများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ဦးတည်ဆောင်ရွက်ရန်။

(ဂ) ရခိုင်တောင်တန်းခရိုင်နှင့် ချင်းတောင်တန်းခရိုင် ပူးပေါင်း၍ ချင်းဝသေသတိုင်းအဖြစ် မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးရယူခဲ့သည့်သမိုင်းဖြစ်စဉ်ကို မေ့မှိန်မသွားအောင် ကာကွယ်ထိန်းသိမ်းရန်။ ထို့အပြင် ဒီမိုကရေစီအရေး၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် တိုင်းရင်းသားလူနည်းစုတို့၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရေး တို့ကို အာမခံသည့် ပင်လုံကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး ပူးပေါင်းဆောင်ရွက်သွားရန်။

(ဃ) ခူမီးတိုင်းရင်းသားတို့၏ နယ်မြေတည်တန့်ရေး နှင့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်စသော ထူးခြားဖြစ်တည်နေသည့် အမျိုးသားလက္ခဏာများ (National Identity) တို့ကို ကာကွယ်ထိန်းသိမ်းရေး အစဉ်တစိုက် ဆောင်ရွက်ရန်။

(င) ချင်းပြည်နယ်တွင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး၊ ဆင်းရဲနွမ်းပါးမှုအများဆုံး၊ ပညာရေးအနိမ့်ကျဆုံး ဖြစ်ခဲ့ရသော ပလက်ဝမြို့နယ် (ခူမီးဒေသ)ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်။

## အခန်း(၃)

## မူဝါဒသဘောတရား

၁၀။ ၁၉၄၇ ပင်လုံသဘောတူစာချုပ်ကြောင့် ပြည်ထောင်စုတိုင်းရင်းသားများ ယုံကြည်မှုနှင့် စည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သဖြင့် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံကို ထူထောင်နိုင် ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ ကွယ်လွန်ပြီးနောက်တွင် အတည်ပြုခဲ့သည့် ၁၉၄၇ အခြေခံဥပဒေသည်လည်းကောင်း၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လည်းကောင်း၊ ပင်လုံ သဘောတူညီမှုများကို သွေဖယ်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများ ပေါ်ပေါက်ကာ အရှည်ကြာဆုံး ပြည်တွင်းစစ် သက်ဆိုးရှည်ခဲ့ပါသည်။ ပင်လုံစာချုပ်ပါ အတိုင်း တန်းတူအခွင့်အရေးနှင့် ဒီမိုကရေစီ အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု ထူထောင် ရန်၊ ဗမာနှင့် တိုင်းရင်းသားအားလုံး တူညီသောအသံဖြင့် တောင်းဆိုနေကြပြီ ဖြစ်ပါသည်။

၁၁။ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသော ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်မှသာ တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေး ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

၁၂။ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ရမည်ဟူသော ဒီမိုကရေစီ အခြေခံ မူအရ၊ စစ်မှန်သော လူထုကိုယ်စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်သော လူထုအစိုးရပေါ်ပေါက်မှ သာ တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

၁၃။ ခူမီးတိုင်းရင်းသားနှင့် ဒေသခံဌာနေတိုင်းရင်းသားတို့၏ နယ်မြေနှင့် အမျိုးသားလက္ခဏာ များ တည်တံ့ရှင်သန်ဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုလျော့ပါးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ် ထွန်းရေးနှင့် လူမှုစီးပွားတိုးတက်မြင့်မားရေးကို ဖြစ်ထွန်းစေမည့် “ခူမီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ” ရရှိရန် လိုအပ်သည်ဟူ၍ လည်းကောင်း၊ ရထိုက်သည်ဟူ၍လည်းကောင်း အခိုင်အမာယုံကြည်ပါ သည်။

## အခန်း (၄)

## ဖွဲ့စည်းပုံ

၁၄။ “ခူမီး (ခမီး) အမျိုးသားပါတီ” အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ပါတီညီလာခံ

(ခ) ပါတီဗဟိုကော်မတီ

(ဂ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

(ဃ) မြို့နယ်/မြို့နယ်ခွဲ- အလုပ်အမှုဆောင်ကော်မတီ

(င) ရပ်ကွက်/ကျေးရွာအုပ်စု အလုပ်အမှုဆောင်ကော်မတီ

၁၅။ (က) ပါတီညီလာခံ

ပါတီညီလာခံကို အောက်ပါတက်ရောက်ခွင့်ရှိသောပုဂ္ဂိုလ်များဖြင့် ကျင်းပရမည်။

(၁) ရပ်ကွက်/ကျေးရွာ အုပ်စုညီလာခံကိုယ်စားလှယ်များ

(၂) မြို့နယ်/မြို့နယ်ခွဲများမှ ညီလာခံကိုယ်စားလှယ်များ

(၃) ဗဟိုကော်မတီဝင်များ

(၄) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ

(၅) ဗဟိုလုပ်ငန်းကော်မတီဝင်များ

(၆) လူငယ်ကိုယ်စားလှယ်များ

(၇) အမျိုးသမီးကိုယ်စားလှယ်များ

(ခ) ပါတီညီလာခံသက်တမ်း

ပါတီညီလာခံကို (၅) နှစ် တစ်ကြိမ်သတ်မှတ်ပြီး ရွေးကောက်ပွဲမတိုင်မီ (၂) နှစ် ကြိုတင်၍ ကျင်းပရမည်။

၁၆။ ပါတီဗဟိုကော်မတီ

(က) ပါတီညီလာခံမှ ရွေးကောက်တင်မြှောက်သည့် (၂၇) ဦး မှ (၃၆) ဦးပါသော ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) လူငယ်ကိုယ်စားလှယ် (၃) ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် (၃) ဦး ပါဝင်ရမည်။

(ဂ) ပါတီဗဟိုကော်မတီသည် ပါတီညီလာခံကို တာဝန်ခံရမည်။

(ဃ) ဗဟိုကော်မတီသည် အစည်းအဝေးကို သာမန်အားဖြင့် (၃)လ တစ်ကြိမ်ကျင်းပရမည်။ သက်တမ်း (၅)နှစ် သတ်မှတ်သည်။

၁၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ

(က) ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်တင်မြှောက်သောပုဂ္ဂိုလ်များဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် ပါတီဗဟိုကော်မတီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို ဗဟိုကော်မတီမှ ရွေးကောက်တင်မြှောက်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် နာယကအဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီအဖွဲ့အစည်း အဆင့်ဆင့်ကို ဒီမိုကရေစီနည်းအရ ပါတီဝင်ထုက ရွေးချယ်တင်မြှောက်ခြင်း မပြုလုပ်နိုင်သေးသဖြင့် ညှိနှိုင်းမှုဖြင့် ဖွဲ့စည်းတာဝန်ပေးသွားရမည်။

(စ) ဗဟိုအမျိုးသမီးအဖွဲ့၊ ဗဟိုလူငယ်အဖွဲ့များကိုလည်း ဗဟိုအလုပ်အမှုဆောင်က ညှိနှိုင်းမှု ဖြင့် ဖွဲ့စည်းရမည်။

(ဆ) ပါတီ၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ပါတီဗဟိုကော်မတီကို တာဝန်ခံရမည်။

(ဇ) လိုအပ်သောလုပ်ငန်းကောမတီများကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဈ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆောင်ရွက်ချက်များကို ဗဟိုကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၅)
## ပါတီ၏လုပ်ငန်းစဉ်

၁၈။ တိုင်းရင်းသားလူနည်းစုအခွင့်အရေး

(က) ပင်လုံသဘောတူစာချုပ်နှင့်အညီ တိုင်းရင်းသားတို့၏ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

(ခ) လူမျိုးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်ခွင့်ရရှိရေးနှင့် ပလက်ဝခရိုင်တိုးမြှင့်ဖွဲ့စည်းခွင့်ရရှိရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) ဌာနေတိုင်းရင်းသားတို့၏ တည်တန့်ရှင်သန်ရေးနှင့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်ရန်။

၁၉။ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု

(က) မူလတန်းပညာကို လူတိုင်းသင်ယူနိုင်ရန် ကျေးရွာတိုင်း မူလတန်းကျောင်း ဖွင့်လှစ်ပေးရန်၊ ဘော်ဒါဆောင်များတိုးချဲ့ပေးရန်

(ခ) ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားဝန်ထမ်းတို့၏ရပိုင်ခွင့်၊ အခွင့်အရေးနှင့် လူမှုရေးအခက်အခဲများကို ကာကွယ် ဆောင်ရွက်ပေးရန်။

(ဂ) မြို့နှင့်ကျေးလက်များတွင် လူထုကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ရန်။

(ဃ) ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၊ ဝန်ထမ်းများတိုးချဲ့ရန်၊ ဆေးဝါးဖြန့်ပေးရန်။

(င) ခူမီးတိုင်းရင်းသားအပါအဝင် ဌာနေတိုင်းရင်းသားတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်း၊ သမိုင်းအစဉ်အလာစသော အမျိုးသားလက္ခဏာများ မပျောက်မပျက် ကာကွယ်ထိန်းသိမ်းရေး၊ မြှင့်တင်ရေးနှင့် လူမျိုး၊ နယ်မြေ မပျောက် မပျက် ရှင်သန်တည်တန့်ရေးကို ရှေ့ရှုဆောင်ရွက်ရန်။

၂၀။ လမ်းတံတားနှင့်ပို့ဆောင်ရေး

(က) ပလက်ဝမြို့နှင့်ကျေးရွာများ ဆက်စပ်ကားလမ်းများ၊ ကျေးရွာချင်းဆက် ဆိုက်ကယ် လမ်းများနှင့် ပလက်ဝ-သံထောင်ကားလမ်း ဖောက်လုပ်ရန်။

(ခ) ပလက်ဝ-အိန္ဒိယအဝေးပြေးကားလမ်းမနှင့်ချိတ်ဆက်၍ စီးပွားရေးနှင့်နယ်စပ်ကုန်သွယ် ရေးကားလမ်းများကို တိုးချဲ့ဖောက်လုပ်ရန်။

(ဂ) ပလက်ဝ-စစ်တွေ ရေကြောင်းပို့ဆောင်ရေးကို နေ့ချင်းရောက်အမြန်ခရီးစဉ် စီစဉ်ပေးရန်

(ဃ) ပလက်ဝ-ကျောက်တော်ရထားလမ်းနှင့် လေယဉ်ကွင်းတည်ဆောက်ရေးဆောင်ရွက်ရန်။

(င) ခေတ်မီဆက်သွယ်ရေး၊ ကျေးလက်များအရောက် ဆောင်ရွက်ပေးရန်။

၂၁။ စီးပွားရေး

(က) ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ဒေသခံပြည်သူများလုပ်ကိုင်ခွင့်ရရှိရေးဖန်တီးပေးရန်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ရန် လိုအပ်သော အရင်းအနှီး၊ ချေးငွေ၊ နည်းပညာ၊ ပံ့ပိုးပေးရန်နှင့် တရားဥပဒေဖြင့် အကာအကွယ်ပေးရန်။

(ဂ) အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းများထူထောင်ရေး အားပေးရန်။

(ဃ) လျှပ်စစ်ဓါတ်အားဖူလုံရေး ဆောင်ရွက်ရန်။

(င) ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက်သို့ အချိန်မီ ပို့နိုင်ရေးအတွက် ဆောင်ရွက် [illegible] ပေးရန်။

(စ) ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းကို အားပေးရန်။

(ဆ) သဘာဝအခြေခံစီးပွားရေးလုပ်ငန်းများ အားပေးရန်။

(ဇ) အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်။

၂၁။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ မြို့နှင့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း

(က) ပလက်ဝမြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နယ်စပ်စီးပွားရေးမြို့အဖြစ် ပြုပြင် တိုးချဲ့တည် ဆောက်သွားရန်။

(ခ) စံပြကျေးရွာများစီမံကိန်းချမှတ်ဆောင်ရွက်ရန်။

(ဂ) ကျေးလက်များသောက်သုံးရေနှင့် လျှပ်စစ်ဓါတ်အားဖူလုံရေးဆောင်ရွက်ရန်။

၂၂။ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း

(က) ဒေသခံတိုင်းရင်းသားတို့၏ ဆုံးရှုံးနေသော နယ်မြေ၊ အဆောက်အအုံ၊ ရပိုင်ခွင့်များ ပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂၃။ နယ်စပ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး

(က) နယ်စပ်မှ တရားမဝင် ခိုးဝင်သူများအား တားဆီးရန်

(ခ) တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများ ဖော်ထုတ် အရေးယူရန်။

(ဂ) တရားဥပဒေစိုးမိုးရေးကို အလေးပေး ဆောင်ရွက်ရန်။

*(ဃ) အကျင့်ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ဖော်ထုတ်အရေးယူရန်။*

## အခန်း (၆)

## ပါတီဝင်များဆိုင်ရာသတ်မှတ်ချက်

၂၄။ ပါတီဝင်အရည်အချင်း

(က) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တားမြစ်ထားသူများမှအပ အသက် (၁၈) နှစ် ပြည့်ပြီးသူ လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး မည်သူမဆိုပါတီဝင်အဖြစ် လျှောက်ထားနိုင်သည်။

(ခ) ပါတီ၏ မူဝါဒ လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံသူဖြစ်ရမည်။

(ဂ) ပါတီကပေးအပ်သောတာဝန်များကို ထမ်းဆောင်လိုသူဖြစ်ရမည်။

၂၅။ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း။

ပါတီဝင်တစ်ဦးသည် ပါတီဝင်အဖြစ်မှနုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့် တောင်းဆိုနိုင်သည်။

## အခန်း(၇)

## လွှတ်တော်ဆိုင်ရာကိစ္စရပ်များ

၂၆။ (က) ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်သည် လွှတ်တော်အတွင်း၌ပါတီ၏မူဝါဒ၊ လုပ်ငန်းစဉ်များကိုအကောင်းအထည်ဖော်ဆောင်ရွက်ရမည်။

(ခ) ထိုသို့ဆောင်ရွယ်ရာတွင် မိမိအကျိုးထက် မဲဆန္ဒရှင်ပြည်သူတို့၏အကျိုး၊ မိမိနယ်မြေဒေသ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စုအကျိုးကိုဦးထိပ်ထား၍ ဦးစားပေးဆောင်ရွက်ရမည်။

(ဂ) ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်သည် ပါတီ၏မူဝါဒနှင့်အညီ ပါတီ၏ ထိန်းကျောင်းမှု လမ်းညွှန်မှုကိုခံယူ၍ ဆောင်ရွက်ရမည်။

## အခန်း (၈)

## ပါတီ၏ဖွဲ့စည်းပုံမျဉ်းပြင်ဆင်ခြင်း

၂၇။ ပါတီ၏ဖွဲ့စည်းပုံစည်းမျဉ်းကိုပြင်ဆင်ရန်လိုအပ်ပါက ပါတီဗဟိုကော်မတီဝင်သုံးပုံနှစ် ပုံကျော်၏ ထောက်ခံအတည်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည်။

## အခန်း (၉)

## ပါတီ၏တည်နေရာ

၂၈။ ခူမီး(ခမီး)အမျိုးပါတီဗဟိုဌာနချုပ်၏တည်နေရာသည် ချင်းပြည်နယ်၊ ပလက်ဝမြို့၌ဖြစ်ပါသည်။